## မူလတန်းကြိုကျောင်းတည်ထောင်ဖွင့်လှစ်မည့်ပုဂ္ဂိုလ်များသိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များ

- မူလတန်းကြိုကျောင်းများတည်ထောင်ဖွင့်လှစ်မှုနှင့်ပတ်သက်၍လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်တွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၈ခုနှစ်တွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအဖြစ် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။
- လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတစ်ဝန်းလုံးရှိ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှဖွင့်လှစ်မည့် မူလတန်းကြိုကျောင်းများ၏ တည်ထောင်ခွင့်ပြုမိန့်လုပ်ငန်း များအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး၊ နည်းပညာအကူအညီအဖြစ် ရန်ကုန်တိုင်း ဒေသကြီး၊ ကျိုက်ဝိုင်းဘုရားလမ်းတွင် ဖွင့်လှစ်ထားသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာပင်မအထောက်အကူပြု ဗဟိုဌာန(ECCD Resource Center)နှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းများ၊ မွမ်းမံသင်တန်းများကို နှစ်စဉ် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါသည်။
- ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ မူလတန်းကြို ကျောင်းများ တည်ထောင်ဖွင့်လှစ်ခွင့် ခွင့်ပြုနိုင်သည့် တစ်ခုတည်းသောဦးစီးဌာနမှာ ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ဖြစ်ပြီး ဥပဒေတွင် မူလတန်းကြိုကျောင်းတစ်ကျောင်း၏ တည်ထောင်ခွင့်ပြုမိန့်ကို လူမှုဝန်ထမ်း ဦးစီးဌာနက ခွင့်ပြုချက်ရရှိနိုင်ရန်နှင့် မူလတန်းကြိုကျောင်းတစ်ကျောင်း ဖွင့်လှစ်ရန် အတွက် လိုအပ်သည့် အရည်အသွေး၊ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိ/မရှိကို မူကြိုတည်ထောင် ဖွင့်လှစ်မည့် ကျောင်းတည်နေရာရှိသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်း

ရုံးများမှ တာဝန်ရှိသူများနှင့်အဖွဲ့က လာရောက်စစ်ဆေး ကြည့်ရှုပြီး လိုအပ် ချက်များကို ပြင်ဆင်ဖြည့်ဆည်းနိုင်ရေး အကြံဉာဏ်ပေး၍ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ပြောကြား ခြင်းသာ တရားဝင်ဖြစ်မည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံး၊ ညွှန်ကြားရေးမှူး၏ သဘောထားမှတ်ချက်နှင့် ထောက်ခံချက်ပါရှိမှသာလျှင် တည်ထောင် ခွင့်ပြုမိန့်အား ထုတ်ပြန်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

- ဆက်လက်၍ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ မူလတန်းကြိုကျောင်းများရှိ ကလေးပြုစုစောင့်ရှောက်သူ ဆရာ၊ ဆရာမများအတွက် ရှေးဦး အရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်မည် ဆိုပါကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၅ဖြင့် ထုတ်ပြန်ထားရှိသော “ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်း ဥပဒေများ”၊ အခန်း(၅) အရ ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများ တရားဝင် ဖွင့်လှစ် နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနသို့ တရားဝင်သတ်မှတ်ချက်များဖြင့် တင်ပြ လျှောက်ထားပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်းစိစစ်ပြီးမှသာ သင်တန်းဖွင့်လှစ်ခွင့် တရားဝင်ခွင့်ပြုမိန့်ကိုထုတ်ပြန်ပေးမည်ဖြစ်ပြီး ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ခွင့်ရရှိမှသာ ဖွင့်လှစ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။